“အသံ”

# “၁+၆”စားပွဲဝိုင်းအစည်းအဝေးတွင် မည်သည့်အချက်ပြချက်များထုတ်လွှတ်ခဲ့သနည်း

ဇူလိုင် ၂၂ ရက်နေ့တွင် ကမ္ဘာ့စီးပွားရေးနှင့်ငွေကြေးအဖွဲ့အစည်းကြီး(၆)ခုမှ တာဝန်ရှိသူများက ပေကျင်းမြို့တွင် စုစည်း၍ တရုတ်ဝန်ကြီးချုပ်လီခချန်းနှင့် “၁+၆”စားပွဲဝိုင်းဆွေးနွေးပွဲကျင်းပခဲ့ပြီး နိုင်ငံတကာ စီးပွားရေးအခြေအနေနှင့် ရင်ဆိုင်ရန်အကြံဉာဏ်နှင့်ပတ်သက်ပြီး အတူတကွဆွေးနွေးခဲ့ကြသည်။

၎င်းတို့မှာ ကမ္ဘာ့ဘဏ်ဥက္ကဌ Kim Yong၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ဥက္ကဌ Lagarde၊ ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့ညွှန်ကြားရေးမှူးချုပ် Roberto ze do၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ညွှန်ကြားရေးမှူးချုပ် Ryder၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Gurriaနှင့် ငွေကြေးတည်ငြိမ်မှု အမှုဆောင်အဖွဲ့ဥက္ကဌ Carney တို့ဖြစ်သည်။

အဆိုပါ “၁+၆” စားပွဲဝိုင်းဆွေးနွေးပွဲသည် တရုတ်နိုင်ငံအတွက်ရော ကမ္ဘာ့အတွက်ပါ ပထမဆုံးအကြိမ်ဖြစ်သည်။ ဆွေးနွေးပွဲကို အောင်မြင်စွာကျင်းပခဲ့ပြီး သဘောတူညီချက်(၈)ရပ်ရရှိနိုင်ခဲ့သည်။

ယခုအကြိမ်ဆွေးနွေးပွဲတွင် မည်သည့် အချက်ပြချက်များ ထုတ်လွှတ်ခဲ့သနည်း။

ပထမဦးစွာ တရုတ်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများကို ပြည့်ဝစွာ လေးစားထောက်ပံ့ပေးသည်ကို ဖော်ဆောင်ခဲ့သည်။ အစည်းအဝေးသို့ တက်ရောက်လာကြသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ခေါင်းဆောင်များက တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်မှုစနစ်အတွင်း အရေးပါသော လုပ်ဖော်ကိုင်ဖက်၊ ကမ္ဘာလုံးဆိုင်ရာ ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ဘက်စုံမူဝါဒ၏ တက်ကြွသောတိုက်တွန်းသူဖြစ်ပြီး ယခုနှစ် G20၏ဥက္ကဌနိုင်ငံအဖြစ် အရေးပါသော ဦးဆောင်မှုစွမ်းဆောင်ရည်ဖော်ထုတ်နိုင်ခဲ့ကြောင်းယူဆကြသည်။ “၁+၆”စားပွဲဝိုင်းဆွေးနွေးပွဲသည် တရုတ်နိုင်ငံမှ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်း၏ လုပ်ငန်းအားလေးစားထောက်ခံခဲ့သည်ကို ပြည့်ဝစွာဖော်ဆောင်နိုင်ခဲ့သည်။ လွန်ခဲ့သည့် နှစ်များအတွင်း တရုတ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများ၏ အဆိုပြုချက်များကို စိတ်ထားနှိမ့်ချစွာနာခံပြီး ဘက်စုံကုန်သွယ်မှုစနစ် ပုံမှန်လည်ပတ်စေနိုင်ရန် စွဲစွဲမြဲမြဲထိမ်းသိမ်းခဲ့ကြောင်း၊ ကမ္ဘာ့ငွေရေးကြေးရေးလုပ်ငန်း တည်ငြိမ်စွာလည်ပတ်နိုင်ရန် တက်ကြွစွာထိမ်းသိမ်းပေးခဲ့ကြောင်း၊ လုပ်အားရှင်များ၏ အရည်အချင်းမြှင့်တင်ရန်နှင့် ဘ၀အဆင့်အတန်း ကောင်းမွန်စေရန် တက်ကြွစွာဆောင်ရွက်ခဲ့ပြီး နိုင်ငံကြီးတစ်နိုင်ငံထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ပြည့်ဝစွာဖော်ဆောင်နိုင်ခဲ့ကြောင်း ယူဆထားကြသည်။

ဒုတိယအချက်မှာ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများက တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးမှ ရရှိထားသော အောင်မြင်မှုရလဒ်များအတွက် ကောင်းမွန်စွာ ဝေဖန်သုံးသပ်ပေးခဲ့သည်။ ကမ္ဘာ့စီးပွားရေးပြန်လည်အသက်ဝင်လှုပ်ရှားစေရန် နှေးကွေးလှသည်ကို သိမြင်ရသည့်တစ်ချိန်တည်း အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းအသီးသီးတို့က ပထမခြောက်လပတ်တွင် တရုတ်နိုင်ငံမှ ရရှိထားသောစီးပွားရေးဆိုင်ရာ “အောင်စာရင်း”များကို အသိအမှတ်ပြု၍ကောင်းချီးပြုခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့သည် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းဆိုင်ရာကြိုတင်ခန့်မှန်းချက်ကို လျှော့ချသည့်တချိန်တည်း တရုတ်စီးပွားရေးတိုးတက်မှုနှုန်းကြိုတင်ခန့်မှန်းချက်ကို မြှင့်တင်ပေးခဲ့သည်။ ယင်းသည် တရုတ်အစိုးရမှ စွဲစွဲမြဲမြဲ ကျင့်သုံးလျက်ရှိသော ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ရေးမူဝါဒ၊ စဉ်ဆက်မပြတ် တိုးတက်ရေးမူဝါဒနှင့်ရရှိထားသော အောင်မြင်မှုများအပေါ် သဘောကျခြင်းကြောင့်ဖြစ်သည်။




တတိယအချက်မှာ သဘောတူညီချက်များရရှိခြင်းသည် ကမ္ဘာ့စီးပွားရေးပြန်လည်အသက်ဝင် လှုပ်ရှားလာစေသော ယုံကြည်စိတ် ထက်သန်စေရန် တွန်းအားပေးနိုင်သည်။ ကမ္ဘာ့စီးပွားရေးပြန်လည် အသက်ဝင်လှုပ်ရှားရေးပြဿနာများအတွက် အစည်းအဝေးသို့တက်ရောက်လာကြသည့် အဘက်ဘက်တို့သည်“ဆေးနည်း”များတင်ပြခဲ့ကြသည်။ ဥပမာ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနှင့်ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးအပါအဝင်ထက်သန်သော၊ ဘက်စုံသော၊ သဟဇာတကျသောမူဝါဒကိရိယာအမျိုးမျိုးကို အသုံးပြု၍ ကမ္ဘာ့စီးပွားရေးမှ ရင်ဆိုင်ရမည့်စိန်ခေါ်မှုနှင့် ကယိမ်းကယိုင်ဖြစ်မှုများကို ဖြေရှင်းပေးပြီး ငွေကြေးတည်ငြိမ်မှုထိန်းသိမ်းကာ စီးပွားရေးတိုးတက်စေရမည်ဖြစ်သည်။ ငွေကြေးမူဝါဒသည် စီးပွားရေးလှုပ်ရှားမှုကို ဆက်လက်ထောက်ခံသင့်ပြီး ကုန်ဈေးနှုန်းတည်ငြိမ်စေရမည်။ ဘဏ္ဍာရေးမူဝါဒသည် ပျော့ပျောင်းဖျတ်လတ်အောင် ထိန်းသိမ်းထားပြီး စီးပွားရေးတိုးတက်စေသည်၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးစေသည်၊ ယုံကြည်စိတ်ထက်သန်စေသည်၊ စဉ်ဆက်မပြတ်တိုးတက်စေသည်။ ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးနှင့် ဘဏ္ဍာရေးစွန့်စားမှုကာကွယ်ရေး စသည်များကိုလည်း အားထုတ်ဆောင်ရွက်ရမည်ဖြစ်သည်။

စတုတ္ထအချက်မှာ သဘောတူညီချက်များရရှိခြင်းသည် G20၏ ဟန်ကျိုးထိပ်သီးအစည်းအဝေးအတွက် တန်ဖိုးရှိသောရလဒ်များရရှိရန် အထောက်အကူပြုနိုင်သည်။ မကြာမီကျင်းပတော့မည့် G20 ထိပ်သီးအစည်းအဝေးအတွက် အဖက်ဖက်တို့ကလည်း မျှော်လင့်ချက်နှင့် အကြံပြုချက်များတင်ပြခဲ့သည်။ ဥပမာ ယခုနှစ် G20၏ဥက္ကဌနိုင်ငံအဖြစ် တရုတ်နိုင်ငံကို ထောက်ခံခြင်း၊ ဖွဲ့စည်းပုံအပေါ် လေးနက်စွာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို ဘဏ္ဍာရေး၏ အရေးပါသော ဆွေးနွေးရန်အကြောင်းအရာတစ်ရပ်အဖြစ် သတ်မှတ်ပေးခြင်းစသည် တို့ဖြစ်သည်။တရုတ်နိုင်ငံသည်ဥက္ကဌ နိုင်ငံအဖြစ်ဆောင်ရွက်ထားသည်ကို ကောင်းချီးပြုထောက်ခံကြသည်။ G20၏ ၂၀၃၀ ခုနှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဆိုင်ရာ ဆောင်ရွက်ရန်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရန်တွန်းအားပေးခြင်း၊ အာဖရိကနှင့် ဖွံ့ဖြိုးနည်းနိုင်ငံများ၏ စက်မှုလုပ်ငန်းခေတ်မီရန်တိုက်တွန်းချက်ကို လှုံ့ဆော်ထောက်ခံခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအား ညှာတာစွာသော စီးပွားရေးတိုးတက်မှုအကောင်အထည်ဖော်ရန် ကူညီပေးခြင်းစသည်တို့ဖြစ်သည်။

တရုတ်ဝန်ကြီးချုပ် လီခချန်းမှ စားပွဲဝိုင်းဆွေးနွေးပွဲတွင် တင်ပြထားသည့်အတိုင်း “ယခုအကြိမ်ဆွေးနွေးပွဲသည် ကမ္ဘာ့စီးပွားရေး တိုးတက်မှုအတွက် သော့ချက်ပါသော အခါသမယတွင် ကျင်းပထားသော အရေးကြီးသည့် အစည်းအဝေးလည်းဖြစ်၊ တရုတ်အစိုးရမှ အဓိကအပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် ငွေကြေးအဖွဲ့အစည်းများအကြား ကဏ္ဍသစ်ဖွင့်လှစ်လောက်သော စုပေါင်းဆွေးနွေးပွဲတစ်ရပ်လည်းဖြစ်သည်။ ယင်းဆွေးနွေးပွဲကျင်းပခြင်းဖြင့် တရုတ်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာလူမှုရေးလောကနှင့် ညှိနှိုင်းဖလှယ်ရန်ဆန္ဒရှိသည်ကို ဖော်ဆောင်နိုင်ခဲ့သည်”။ ၎င်း၏တက်ကြွသည့်အရေးပါပုံကို မကြာသေးမီတွင် သက်သေပြနိုင်တော့မှာဖြစ်သည်။

သတင်းဆောင်းပါး - ရှီကျန့်ရွှင်း

# အာဆီယံ(၅)နိုင်ငံမှသင်တန်းသားများ ယူနန်တွင်စိုက်ပျိုးရေးသင်တန်းဆင်း

ယခုရက်ပိုင်းတွင် အာဆီယံနိုင်ငံ အဓိက သီးနှံရောဂါပိုးမွှားများအထွေထွေကာကွယ်ကုသမှု နည်းပညာဆိုင်ရာ နိုင်ငံတကာသင်တန်းကို ယူနန်စိုက်ပျိုးရေးတက္ကသိုလ်တွင် သင်တန်းဆင်းအခမ်းအနားကျင်းပခဲ့သည်။ ရက်(၂၀)ကြာ လေ့ကျင့်မွေးထုတ်ခြင်းအားဖြင့် အာဆီယံ(၅)နိုင်ငံမှ သင်တန်းသား(၂၂)ဦးတို့သည် အောင်မြင်စွာသင်တန်းဆင်းနိုင်ခဲ့သည်။




ယခုအကြိမ်သင်တန်းကို တရုတ်အစိုးရသိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဦးစီးကျင်းပပြီး ယူနန်စိုက်ပျိုးရေးတက္ကသိုလ် တရုတ်အာဆီယံ-ပညာရေးလေ့ကျင့်မွေးထုတ်မှုစင်တာမှ တာဝန်ယူကျင်းပခြင်းဖြစ်သည်။ သင်တန်းသားတို့သည် ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား(၅)နိုင်ငံမှ ရောက်ရှိလာပြီး အဓိကအားဖြင့် အစိုးရဌာန၊ တက္ကသိုလ်နှင့်ကောလိပ်၊ သိပ္ပံနည်းပညာသုတေသနဌာနနှင့် စီးပွားရေးလုပ်ငန်းများမှ ပညာရှင်၊ ပါရဂူနှင့်စီးပွားရေးလုပ်ငန်းမှ ဝန်ထမ်းများဖြစ်ကြသည်။

သင်တန်းကာလအတွင်း ယူနန်စိုက်ပျိုးရေးတက္ကသိုလ်သည် မိမိ၏ကျွမ်းကျင်မှုဆိုင်ရာအားသာချက်များကို ပြည့်ဝစွာဖော်ထုတ်ပြီး လေ့ကျင့်မွေးထုတ်ရန် အစီအစဉ်အသီးသီးကို သေသပ်စွာစည်းရုံးခဲ့သည်။ 《စိုက်ပျိုးရေးဇီဝမျိုးစုံမျိုးကွဲနှင့် ရောဂါပိုးမွှားဆက်တိုက်ထိမ်းချုပ်ရေး》၊ 《ဇီဝမျိုးစုံမျိုးကွဲကာကွယ်ရေးနှင့် အသုံးပြုရေး》၊ 《ဥယျာဉ်ခြံစီးပွားဖြစ်သီးနှံများအတွက် ရောဂါပိုးမွှားအထွေထွေကာကွယ်ရေး》 စသည့် အထူးဟောပြောပွဲများ၊ 《မော်လီကျူးအမှတ်အသားညွှန်ပြရန်အတတ်ပညာ》၊ 《အာဆီယံနိုင်ငံရှိအဓိကသီးနှံများအတွက် ရောဂါပိုးမွှားများ၏လက္ခဏာများကို ခွဲခြားခြင်း》နှင့် 《အာဆီယံနိုင်ငံရှိ အဓိကသီးနှံများအတွက် ရောဂါဖြစ်စေသော အရာဝတ္ထုများကိုအကဲဖြတ်ခြင်း》စသည့် စမ်းသပ်ခန်းဆောင်ရွက်ရန်သင်ရိုးများကို စီစဉ်ပေးခဲ့သည်။ သင်တန်းသားများအတွက် တရုတ်နိုင်ငံမှ ရောဂါပိုးမွှားကာကွယ်ကုသရေးနယ်ပယ်တွင် ရှေ့တန်းကျသော ဗဟုသုတများ၊ နည်းပညာများကို မိတ်ဆက်ပို့ချပေးပြီး သင်တန်းသားများအား အဓိကသီးနှံများ၏ အထွေထွေကာကွယ်ကုသရေးအတွက် ပိုမိုနက်ရှိုင်းစွာ သဘောပေါက်နားလည်စေနိုင်ကြသည်။

သတင်းထောက် - ဝူဖင်